# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# (ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊SSE / NM / ၂/၂၀၂၁

ရက်စွဲ၊ ၂၀၂၁ ပြည့်နှစ်၊ ဧပြီလ ၂ ရက်

အကြောင်းအရာ။ **လေယာဉ်/ရေယာဉ် ခရီးစဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်ကိစ္စ**

ရည်ညွှန်းချက်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂.၄.၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ပဆ-၂ /လက(DCA)ထူးခြား(၄/၂၁)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့၊ မြန်မာစံတော်ချိန် ၉း၃၀ နာရီအချိန် တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ထားဝယ်မြို့၏ အနောက်တောင်ဘက်၊ ရေမိုင် ၂၁၅ မိုင်၊ ကိုကိုးကျွန်း၏ အရှေ့တောင်ဘက်၊ ရေမိုင် ၂၅၅ မိုင်၊ ရန်ကုန်မြို့၏တောင်ဘက် ရေမိုင် ၃၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး၊ မြန်မာနိုင်ငံဘက်သို့ ရွေ့လျားနိုင်ပါသဖြင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားကြောင်း၊ မုန်တိုင်းငယ်အရှိန်ကြောင့် ၂.၄.၂၀၂၁ ရက်နေ့မှ ၇.၄.၂၀၂၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းလေပြင်းများ ကျရောက်ပြီး ရေပြင် မြေပြင် လေသည် တစ်နာရီ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း၊ လှိုင်းအမြင့်မှာ ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်ကြောင်း နှင့် ၎င်းမုန်တိုင်းငယ် သတိပေးချက်ကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှလည်း နံနက် ၁၁း၀၀ နာရီတွင် သတင်းထုတ်ပြန်ထားပြီး ဖြစ်ကြောင်း ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ရေယာဉ် ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတမ်းသွား ရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗာန်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေငြာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

မိုးကျော်-ညွှန်ကြားရေးမှူး(SSE)